မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

ဧည့်သည်တော် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်တွင် ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသွားကြမည့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆို

ရှေးဦးစွာ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ✻

သံလွင်မြစ်ရေအခြေအနေ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၅

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၉စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၉ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၆ ရက်)

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး၏ ချစ်ကြည်ရေးခရီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ်လ ၁၄ ရက်နေ့က နေပြည်တော်သို့ ရောက်ရှိခဲ့ကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဩဂုတ်လ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်းတို့သည် ဩဂုတ်လ ၁၄ ရက် ညနေပိုင်းက နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲအပြီး မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ဧည့်သည်တော် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့် ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံများဖြစ်ကြရာ အာဆီယံအဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ တိုးတက်ဖြစ်ထွန်းရေးကို မြှင့်တင်လျက်ရှိကြသည့် နိုင်ငံများလည်းဖြစ်ကြသည်။

သို့ဖြစ်ရာ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ချစ်ကြည်ရေးခရီးသည် နှစ်နိုင်ငံအကြား အစဉ်အဆက်တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်း လာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန် အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မအိမ်ရာ ဘီ–၄၊ ၀၀၂နေ ဦးသိန်းထွန်း၊ ဒေါ်ခင်ဝါ မိသားစုက ငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘချို နှင့် ဦးဟန်ညွန့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

လှူဒါန်း

အဆိုပါစောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆ နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အသက်အရှည်ဆုံး နိုင်ငံများစာရင်း၌ အမေရိကန်နိုင်ငံ အဆင့်နိမ့်ကျလာ

ဝါရှင်တန် ဩဂုတ် ၁၅

အမေရိကန်ပြည်သူတို့၏ သက်တမ်းသည် ယခင်ကထက် ပိုမိုရှည်လာသော်လည်း အမေရိကန်နိုင်ငံ၏ရှေ့၌ ပိုမိုအသက်ရှည်သည့် နိုင်ငံပေါင်း ၄၁ နိုင်ငံ ရှိနေသေးကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အခြားနိုင်ငံများက ကျန်းမာရေး စောင့်ရှောက်မှု၊ အာဟာရနှင့် လူနေမှုပုံစံများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အသက်အရှည်ဆုံးနိုင်ငံများစာရင်းတွင် ဆယ်စုနှစ်များအတွင်း အမေရိကန်နိုင်ငံမှာ အဆင့်လျော့ကျ ကျန်ရစ်ခဲ့သည်။

အမေရိကန်နိုင်ငံကို ကျော်ဖြတ်သွားသည့်နိုင်ငံများတွင် ဂျပန်၊ ဥရောပနိုင်ငံ အများအပြား၊ ဂျော်ဒန်၊ ဂူအမ်နှင့် ကေမန်ကျွန်းစုနိုင်ငံတို့ ပါဝင်သည်။

သုံးစွဲ

ကမ္ဘာပေါ်၌ အမေရိကန်နိုင်ငံသည် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုတွင် ငွေအများအပြားသုံးစွဲပါလျက် ယခုကဲ့သို့ နောက်ကျ ကျန်ရစ်ရခြင်းမှာ တစ်ခုခုမှားနေ၍ဖြစ်မည်ဟု ဝါရှင်တန် တက္ကသိုလ်မှ ဒေါက်တာ ခရစ္စတိုဖာမာရေးက ပြောကြားသည်။

နိမ့်ကျ

၂၀၀၄ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ မွေးဖွားသူများသည် ပျမ်းမျှသက်တမ်း ၇၇ ဒသမ ၈ နှစ် ရှိမည်ဖြစ်သည်။ ယင်းအခြေအနေက ကမ္ဘာ့အသက်အရှည်ဆုံး နိုင်ငံများစာရင်းတွင် အဆင့် ၄၂၌သာရှိကြောင်း ပြနေသည်။ အမေရိကန်သည် အဆင့် ၁၁ တွင်ရှိခဲ့ရာမှ အနှစ် ၂၀ အတွင်း ယခုကဲ့သို့ အဆင့် နိမ့်ကျခြင်းဖြစ်သည်။

သက်တမ်းအတိုဆုံး

ကမ္ဘာပေါ်တွင် သက်တမ်းအတိုဆုံး နိုင်ငံမှာ အာဖရိကတိုက်မှ ဆွာဇီလန်ဖြစ်ပြီး သက်တမ်းမှာ ၃၄ ဒသမ ၁ နှစ်သာရှိသည်။

(အင်တာနက်)

ဆီးရီးယား၌ မူးယစ်ဆေးဝါး ၅၇ ကီလို သိမ်းဆည်းရမိ

ဒမတ်စကတ် ဩဂုတ် ၁၅

ဆော်ဒီအာရေဗျနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းရန် ကြိုးပမ်းသူနှစ်ဦးအား ဆီးရီးယား အာဏာပိုင်များက မူးယစ်ဆေးဝါး ၅၇ ကီလိုနှင့်အတူ ဖမ်းဆီးမိကြောင်း ဆီးရီးယားသတင်း ဝက်ဘ်ဆိုက်က ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

သယ်ဆောင်

ဆော်ဒီအာရေဗျနိုင်ငံသို့ ဘုရားဖူးရန်သွားရောက်မည်ဟု ထွက်ဆိုကာ အခကြေးငွေယူပြီး မူးယစ်ဆေးသယ်ဆောင်ခဲ့သူနှစ်ဦးကို ဆီးရီးယား အာဏာပိုင်များက ဟာမာပြည်နယ်မြောက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

သိမ်းဆည်း

၎င်းတို့၏ ယာဉ်အတွင်း၌ သစ်သီးများဖြင့် ဖုံးအုပ်တင်ဆောင်လာသော ဆေးပြား ၃၃၆၀၀၀ပါ သေတ္တာကြီးကိုးလုံးကို ရဲတပ်ဖွဲ့ကသိမ်းဆည်းခဲ့ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မင်္ဂလာဗျူဟာအသင်း သွေးလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် အကြိမ်(၉၀)မြောက် ဒါနဥပပါရမီသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများသည် ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီမှစတင်ကာ ကိုယ်တိုင်အသိအမှတ်ပြု ကတ်ပြားပေး၍ စာရင်း ပေးသွင်းနိုင်ပြီး သွေးလှူရှင်များအတွက် အာဟာရကုသိုလ်နှင့် ပဒေသာမဲ (အမှတ်တရပစ္စည်း)များ ပေးရန်အတွက်အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းလိုသူများသည် အသင်းချုပ် ဖုန်း–၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၆–၈–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန် ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၅၀	၁၄။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၁၁)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြိုးမှား(သား)ပေါင်ချိန်** (အပိုင်း–၁၇)

16-8 (02) 1 8/16/07, 2:01 AM

■ *ကျောဖုံးမှ*

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP)(နဂါး) အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စုံညီအစည်းအဝေးစတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၄၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၆၇ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဦးခင်မောင်ဆွေနှင့် ဦးစိန်အောင်တို့က ဖတ်ကြားတင်ပြကြသည်။

(အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဒေါ်ခင်မာရီက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

(အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)

ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဦးအောင်ကျော်စိုးက ဖတ်ကြားတင်ပြသည်။

(နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဦးမှိုင်းက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

(အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၁၇ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့အနာဂတ် နံနက်ဖြန်

* တစ်ဦးတစ်ယောက်အတွက် မဟုတ်
တစ်အုပ်စု တစ်ပါတီအတွက် မဟုတ်
တပ်မတော်အတွက် မဟုတ်
ပြည်သူအားလုံးနှင့် နိုင်ငံတော်အတွက်
ရည်ရွယ်လျက် တည်ဆောက်
ပြီးမြောက်တော့မယ့် ညီလာခံ

* သာနေတဲ့ လ ကို မော့ကြည့်၍
ဟောင်နေသော မျိုးဖျက်များ
သမာဓိရှိသော မြင်းမိုရ်တောင်ကို
ဆီးစေ့နှင့်ပေါက်မည့် ပြည်ဖျက်များ
တစ်သားတည်းသော ပြည်နယ်ပြည်မ မြေလွှာကို
ခွဲဖြတ်ရန် ပုဆိန်တစ်လက်ဖြင့်
ချိန်စက်အားထုတ် လောက်ကောင်ပုပ်များ
အရေးထားစရာမရှိ၊ တွေးသနားရန်မရှိ
ပြည်ထောင်စု၏ညီညွတ်မှု ခြေဖဝါးအောက်
နင်းပြားသပေါက်တို့ အမှုန့်ကြေမွ
မြေခရမည့် အချိန်တန်။

* အမှန်တရားရှေးရှု ဆွေးနွေးပြုစု ညီလာခံ
မလွဲမသွေ ရွေးစု ဖွဲ့စည်းမှု ဥပဒေထောက်ခံ
ပြည်သူတို့၏ ကြွေးကြော်သံ
ဘဝင်ညီမည့် အနာဂတ်နံနက်ဖြန်။ ။

လင်းအောင်(ဓနုကုန်း)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီ၌ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၅

(၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်) ဩဂုတ် ၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါရဂူ၊ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တနရိန္ဒာဘိဝံသ အရှင်သူမြတ်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ စေတျာရာမကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တသူရိယဓဇ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါဆိုကျောင်းတိုက် ဦးစီးနာယက ဘဒ္ဒန္တနန္ဒဝံသ အရှင်သူမြတ်က ဥပုသ်သီလပေးတရားတော်များကို လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က–ပ)**

နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ဒုတိယ၊ တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၃)ဖွင့်

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းသို့ ဝန်ကြီးဌာန ၃၀ အောက်ရှိ ဦးစီးဌာန ၂၁ ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၂၂ ခုတို့မှ ဝန်ထမ်းစုစုပေါင်း ၁၄၁ ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ စုစုပေါင်း သုံးလခန့် ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်ဖွင့်လှစ်မည်

စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများ၊ စာရင်းစစ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကိုလည်း အဆိုပါစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဆိုသည့် စကားရပ်အစား စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဟု ဖြည့်စွက်ချမှတ်သင့်

ရန်ကုန် ဩဂုတ် ၁၅

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်ထွန်းမောင်တို့ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မင်းဘူးမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးလှစိုးဖြစ်ပါတယ်။ ကျွန်တော်နှင့်အတူ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ စာတမ်းကို ကျွန်တော်ဦးလှစိုးနှင့် ဦးသိမ်းကြည်တို့က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုအခါမှာ ပြည်သူလူထုကြီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးကို ငံ့လင့်နေသော အချိန်အခါဖြစ်ပါတယ်။ ကျင်းပဆဲ အမျိုးသားညီလာခံကြီးကလည်း ပြည်သူလူထု၏ မျှော်လင့်ချက်၊ တောင့်တချက်၊ လိုလားချက်များပါဝင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို အောင်မြင်စွာချမှတ်ပြီး ဖြစ်ပါတယ်။ အဲဒီလို ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့အနက် တစ်ဖွဲ့ချင်းစီရဲ့ အတွင်းမှာရော၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားမှာပါ ညီလာခံကိုယ်စားလှယ်ကြီးများဟာ အပြန်အလှန် အသိအမှတ်ပြုခြင်း၊ လေးစားခြင်း၊ ကူညီခြင်း၊ ညှိနှိုင်းခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို မိတ်ဆွေရောင်းရင်း ညီရင်းအစ်ကိုပမာ ဆောင်ရွက်ခဲ့ကြပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲတဲ့အခါမှာ ရှင်းလင်းလွယ်ကူစေရန်အတွက် လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေရှိစေရန်အတွက် လည်းကောင်း၊ ရှေ့နောက်ညီညွတ်ဆီလျော်ရန်အတွက် လည်းကောင်း၊ အဓိပ္ပာယ် ပိုမိုရှင်းလင်းတိကျပြတ်သားစေရန်အတွက် လည်းကောင်း ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနှင့် ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့ အချက်များကို ချန်လှပ်ထားခဲ့ခြင်းတို့ကို ဤညီလာခံကြီးမှ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ အစကောင်းမှ အနှောင်းသေချာမှာ ဖြစ်ပါတယ်။ ဒါမှလည်း နိုင်ငံတော်နှင့် ပြည်သူအတွက် ရေရှည်အကျိုးစီးပွား ဖော်ဆောင်ပေးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး မဝေးတော့တဲ့ကာလမှာ မလွဲကေန် ပေါ်ပေါက်လာတော့မှာ ယုံကြည်မိပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများကို အကြံပြုဆွေးနွေးသွားပါမယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့ လိုအပ်ပါတယ်။

ဒီအသေးစိတ် အခြေခံရမယ့်မူကို အထွေထွေပြဋ္ဌာန်းချက်များ အခန်းရဲ့ စုစည်းချက် အပိုဒ်(၃)တွင် ဖြည့်စွက်ဖော်ပြသင့်ပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့်မူတွင် **“နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်”** လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့်မူနဲ့ဆက်ပြီး **“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ”** ဆိုတဲ့စကားရပ်ကို ဖြည့်စွက်သင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ်ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး–

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ခြောက်ဦး စုပေါင်း တင်ပြသည့် ဆွေးနွေး အကြံပြုချက် စာတမ်းကိုဦးလှစိုး ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ–

“နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်” ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ” ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း” အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ အဖြစ် **“ဤအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်”**လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့်မူပါ ဖော်ပြချက်အရဆိုရင် **‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း’**ရှိ **‘နိုင်ငံတော်’**ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင်မယ့်သဘော သက်ရောက်နေပါတယ်။

နိုင်ငံတော်အခြေခံမူများအခန်းတွင်လည်း **‘နိုင်ငံတော်’** ဆိုတဲ့ စကားရပ်များ အများအပြားပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်အဲဒီအခန်းမှာ ဖော်ပြထားတဲ့ **“နိုင်ငံတော်”**ဆိုတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင်သတ်မှတ်ပြီးဖြစ်စေဖို့ ဖော်ပြပါအပိုဒ် ၅၀ တွင် ထပ်မံဖြည့်စွက်သင့်ပါတယ်။

ဒါ့အပြင် အဲဒီအပိုဒ်မှာ**“အဖွဲ့အစည်း”**ဆိုတဲ့ စကားရပ်ကိုသာ ရည်ညွှန်းဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလို အခြေအနေမျိုး ရှိလာခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများ ပေါ်ပေါက်နိုင်ပါတယ်။ ယခုကတည်းက အသေးစိတ်အခြေခံရမယ့်မူတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြမယ်ဆိုရင် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ရှိနိုင်မည်မဟုတ်ပါ။

ဒါကြောင့် **“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း”**စုစည်းချက်အပိုဒ် ၅၀ ရှိ–

“ဤအခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်” ဆိုတဲ့ စကားရပ်အစား–

“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ အခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်”

လို့ အသေးစိတ် အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု တရားသူကြီးချုပ်အနေနဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)တွင် **“တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ”**လို့ ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)တွင် **“တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ”**လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်မှာ အနည်းဆုံးဆိုတဲ့ စကားရပ်မပါရှိတာ တွေ့ရပါတယ်။ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန် အနည်းဆုံး ၁၅ နှစ်လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)တွင် **“တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ် (ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံမူများအဖြစ် အပိုဒ်ခွဲ(၄)တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးဟု လည်းကောင်း၊ အပိုဒ် (ဂ)ရှိ ပါတီစုံဒီမိုကရေစီစနစ်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် **“နိုင်ငံတော်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”**ဟု လည်းကောင်း၊ အပိုဒ် (လ)တွင် **“နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်”**ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင်**“နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်”**လို့ ဖော်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် (မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက် စကားရပ် ညီညွတ်စေရန် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ခ)၊ အပိုဒ်ခွဲ (၄)၊ အပိုဒ်ခွဲ(ဂ)နှင့်အပိုဒ် (လ)တို့ရှိ **“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်”** ဆိုတဲ့ စကားရပ်အစား **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်က ဆက်လက်ဖတ်ကြားတင်ပြပါမယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ် (ဈ)ရှိတရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ (၁) တွင် **“နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ် တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်”**ဟု လည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် **“ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်တစ်ရပ် ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်”**ဟု လည်းကောင်း၊ အပိုဒ် (၃)တွင် **“ပြည်ထောင်စု တရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်”** ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ် (၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ် (၁)၊ အပိုဒ် (၂)နှင့် အပိုဒ် (၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **“ပြည်ထောင်စု တရားလွှတ်တော်ချုပ်”**ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **“တရားလွှတ်တော်”**ဆိုတဲ့ စကားရပ်နဲ့တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက် စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း **“ပြည်ထောင်စု တရားလွှတ်တော်ချုပ်”**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ဈ)၊ အပိုဒ်ခွဲ(၁) (၂)နှင့် (၃)တို့ရှိ **“ပြည်ထောင်စုတရားလွှတ်တော်”**ဆိုတဲ့စကားရပ်အစား **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၃၄၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တို့သည် တစ်ဆက်တစ်စပ် သဘောရှိပါသည်။ ဒါပေမယ့် အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်မယ့်သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်အနှစ်သာရအတိုင်း ပေါ်လွင်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်းပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်လို့ သုံးနှုန်းသင့်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ စကားရပ်အစား နေပြည်တော်ကောင်စီဥက္ကဋ္ဌဟု ဖြည့်စွက်ရန်သင့်လျော်

စာမျက်နှာ ၄ မှ

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဇ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမည့်မှုအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မှုများ ချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဠ)တွင်–

"(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း တာဝန်ခံရမည်"

လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"**ဟု လည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"**ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မှုများကို လေ့လာကြည့်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များနဲ့စပ်လျဉ်းတဲ့ အရေးအသား အသုံးအနှုန်းများဟာ ရှင်းလင်းလွယ်ကူပြီး အဓိပ္ပာယ်ပေါ်လွင်စေတာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ ရှင်းလင်းလွယ်ကူစေရန် လည်းကောင်း သုံးနှုန်းရေးသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်" ဟု လည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မှု များအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၂ရက်တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်ခဲ့ပါတယ်။

အမျိုးသားညီလာခံက ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သည့်အခါမှသာ လွှတ်တော်နှစ်ရပ်နှင့် စပ်လျဉ်းပြီး သုံးနှုန်းရမည့် လွှတ်တော်အမည်များကို အောက်ပါအတိုင်း သုံးနှုန်းရန် အသေးစိတ်အခြေခံရမယ့်မှုကို ချမှတ်ခဲ့ပါတယ်။

"(က) လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကို ပြည်သူ့လွှတ်တော်ဟု လည်းကောင်း၊

(ခ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဦးရေတူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကို အမျိုးသားလွှတ်တော်ဟု လည်းကောင်း သုံးနှုန်းရမည်"

ထို့အပြင် လူဦးရေကိုအခြေခံ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည်ဆိုပါက တိုင်းဒေသကြီးများ (၃၁) ဦး ပိုမိုရရှိပြီး ပြည်နယ်များက (၃၁) ဦး လျော့နည်းနေသည်ကို တွေ့ရှိရပါတယ်။

လူဦးရေအရသော်လည်းကောင်း၊ မြို့နယ်အရသော်လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည်ဆိုပါက ပြည်နယ်များက (၃၁) ဦး ပိုမိုရွေးကောက်နိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ပါ၍ ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် အများအပြား ပါဝင်ခွင့်ရရှိရေးအတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို မြို့နယ်ကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကိုအခြေခံ၍ လည်းကောင်း သတ်မှတ်သင့်ပါတယ်။

ယနေ့ အချိန်အခါမှာ နိုင်ငံတော်ကို တပ်မတော်အစိုးရအနေဖြင့် အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိတဲ့အတွက် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍတွေမှာ အချိန်နဲ့တစ်ပြေးညီ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတာကို မျက်ဝါးထင်ထင် မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ နောင်အခါမှာ ယခုထက်ပိုမိုပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လုပ်ငန်းများနှင့် လိုက်လျောညီထွေရှိမည့် မြို့နယ်များကို ဖွဲ့စည်းသင့်ပါက တိုးချဲ့ဖွဲ့စည်းလာကြမှာ ဖြစ်ပါတယ်။ မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေများကို သတ်မှတ်သင့်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း၊ ဥပဒေနဲ့အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦး ကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး"

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်ခဲ့ပါတယ်။

အထက်ပါ အသေးစိတ်အခြေခံရမယ့်မှု အပိုဒ်(က)တွင် **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးကျပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ"** ဟူ၍ လည်းကောင်း၊ အပိုဒ်(ခ)တွင်**"ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီ"**ဟု လည်းကောင်း သတ်မှတ်ထားပါတယ်။ အဲဒီလို ပြည်ထောင်စုနယ်မြေများအပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင်ပါဝင်ခဲ့ပြီး ပြည်ထောင်စု နယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် ထူးခြားသည့် အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ သို့ပါ၍ **"ပြည်ထောင်စုနယ်မြေများ"** ရှေ့တွင် **"သက်ဆိုင်ရာ"**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ပါတယ်။

ဒါကြောင့်–

"အမျိုးသားလွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက် တင်မြှောက်သည့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့် အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊

တစ်သီးပုဂ္ဂလ ကိုယ် စား လှယ် ခြောက်ဦး စုပေါင်း တင်ပြသည့် ဆွေး နွေး အကြံပြုချက် စာတမ်းကို ဦးသိမ်းကြည် ဖတ်ကြား တင်ပြစဉ်။
(သတင်းစဉ်)

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စု နယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စု နယ်မြေများသည် လည်းကောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန်ကိစ္စ အလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့်တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော် ဟူသော စကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။ ရန်ကုန်မြို့သည် နိုင်ငံတော်၏မြို့တော် မဟုတ်တော့သော်လည်း နိုင်ငံတော်၏ စီးပွားရေးအချက်အချာကျသော မြို့အဖြစ် ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်ဟူသော အသုံးအနှုန်းအစား ရန်ကုန်မြို့ဟူ၍ သုံးနှုန်းသင့်ပါတယ်။ ဒါ့အပြင် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မှုကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်အတွက် ယင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ လက်ရှိအတိုင်း တည်ရှိနေမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းအားဖြင့် အထက်အပိုဒ်(ခ)ပါ အသေးစိတ်အခြေခံရမယ့်မှုကို ဆက်လက်ဖော်ပြရန် မလိုတော့ပါ။ သို့သော် အပိုဒ်(ဂ)ကို ဆက်လက်ထားရှိသင့်သဖြင့် အပိုဒ်(ဂ)ကို အပိုဒ်(ခ)အဖြစ် ဖော်ပြသင့်ပါတယ်။

သို့ပါ၍ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

"(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်နိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မှုကို ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန် သဘောတူပါသည်။ သို့ပါ၍ နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံမှုများအတိုင်း ချမှတ်ရန်သင့်ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

16-8 (05) 1 8/16/07, 2:01 AM

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်ဟု ပြင်ဆင်ချမှတ်သင့်

ရန်ကုန် ဩဂုတ် ၁၅

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါ အတိုင်းဖြစ်သည်–

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် "ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်"သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၇ခုနှစ်၊ ဩဂုတ်လ၆ရက် နေ့တွင် ကျင်းပခဲ့သည့် စုံညီအစည်းအဝေးမှာ ရှင်းလင်းပြောကြားခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် တိုင်းရင်း သားလူမျိုးကိုယ်စားလှယ်များရဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ်များဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါတယ်။

အကြံပြုစာတမ်းတွင် နောက်ဆုံးအကြိမ်ကျင်းပသည့် ညီလာခံဖြစ်သည်နှင့် အညီ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အခြေခံဖြင့် အလေးထားဆွေးနွေးကြပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်များကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြသွားမှာဖြစ်သလို သီးခြားအကြံပြုချက်ကိုလည်း တင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းခေါင်းစဉ် အလိုက် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဘက်စုံထောင့်စုံက အချိန်ယူဆွေးနွေးသုံးသပ်ပြီး တညီ တညွတ်တည်း ချမှတ်ခဲ့ကြတာ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေ အခြေခံရမယ့်အချက်များ ဖြစ်ပါတယ်။ လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေ ရှိစေရန်အတွက် လည်းကောင်း၊ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက် ညီညွတ်ဆီလျော်စေရန်အတွက်လည်းကောင်း၊ မူလက ချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေးအတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ရန်အတွက်လည်းကောင်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လိုအပ် သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနှင့် ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့ အချက်များကို ချန်လှပ်ခြင်းတို့ကို ပြုလုပ်ဖို့လိုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့အညီ

ဖတ်ကြား တင်ပြ

တိုင်းရင်းသား လူမျိုး ကိုယ်စား လှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးသန်းဦး ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော် အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလို အခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက် မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ် လာမယ်ဆိုရင် ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကိုအဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ် ပြုပေးမယ့် အသေးစိတ် အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့လိုပါတယ်။

ဒါကြောင့် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူ တစ်ရပ်ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး–

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ–

"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေ များပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်" ဆိုတဲ့ စကားရပ်နှင့် ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုမှု အခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်း အနေနဲ့ ကျင့်သုံးတာရှိသလို၊ ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးရတာလည်း ရှိကောင်း ရှိနိုင်ပါတယ်။ အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ထည့်သွင်းဖော်ပြထားမယ် ဆိုရင် နောင်တစ်ချိန်မှာ အငြင်းပွားစရာ အကြောင်းရှိမယ် မဟုတ်တော့ ပါဘူး။

ဒါကြောင့် **"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန် များအခန်း"** စုစည်းဖော်ပြချက်အပိုဒ် ၅၀ ရှိ–

> **"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့် အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"**

ဆိုတဲ့ စကားရပ်အစား–

> **"ဤအခန်းနှင့် အခန်း(၁) နိုင်ငံတော် အခြေခံမူများအခန်းပါ 'နိုင်ငံ တော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်း ကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်"**

လို့အသေးစိတ် အခြေခံရမယ့်မူကိုဖြည့်စွက်၍ ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့် မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ်(၃) အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)တွင်**"တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"**လို့ ဖော်ပြခဲ့ပါတယ်။ ဒီလိုဖော်ပြခဲ့တာဟာ အနည်းဆုံး လိုအပ်ချက် မည်မျှဖြစ်ရမယ်ဆိုတာ ပေါ်လွင် စေလို၍ ဖြစ်ပါတယ်။

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံ ရမယ့်မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၂)တွင် **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြ ချက်မှာ လေ့လာကြည့်ရင် **"အနည်းဆုံး"**ဆိုတဲ့စကားရပ် မပါရှိတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက် စကား ရပ်များညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာ အကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း **"အနည်းဆုံး၁၅ နှစ်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂)ရှိ**"တရားလွှတ်တော် ရှေ့နေ(Advocate) အဖြစ် ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"**ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ် (ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"**ဟုလည်း ကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံဒီမိုကရေစီနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူအဖြစ် **"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"**ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် **"နိုင်ငံတော်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီ စနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်"**ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့ အခါ အပိုဒ်(၂) အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်း ကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**လို့ ဖော်ပြ ခဲ့ပါတယ်။

"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"လို့ သုံးနှုန်းထား တာဟာ အနာဂတ်ကာလ မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက် ပေါ်လွင်စေရန် လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ် ညီညွတ်စေရန် **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့စကားရပ် အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ဖြည့်စွက် ၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ် အခြေခံရမည့်မူများတွင်**"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**ဟု ဖော်ပြခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

ထို့ကြောင့် ချမှတ်ထားသော အသေးစိတ်အခြေခံမူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက် သင့်ပါသည်။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံမူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် **"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"**ဟု ဖော်ပြထားသည့် စကားရပ်အစား **"နေပြည် တော် ကောင်စီဥက္ကဋ္ဌ"**လို့ ဖြည့်စွက်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်စဉ်က အပိုဒ်၆၊ အပိုဒ်ခွဲ(၄)၊အပိုဒ်ခွဲငယ် (က)တွင် **"တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရား လွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"** လို့ ဖော်ပြခဲ့ပါတယ်။ မြို့တော်ဖြစ်တဲ့ နေပြည်တော် ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီးသည့်အတွက် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ်၆၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်ခွဲငယ်(က)ရှိ **"တရားစီရင်ရေး ဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့ တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ် သည်"** ဆိုတဲ့ စကားရပ်အစား **"တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေး တိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"**လို့ အသေးစိတ်အခြေခံမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

နောင်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကား အသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူ ခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါရန် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ တင်ပြချက်မှာ လျော်ကန်သင့်မြတ်မှု ရှိကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မဝေးတော့တဲ့ကာလမှာ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးတော့ မှာဖြစ်ပါတယ်။ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်အရ အမှန်တကယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ တပ်မတော်အစိုးရမှ အရပ်သားအစိုးရသို့ အသွင်ကူးပြောင်းလာတော့မှာ ပါ။ တပ်မတော်အစိုးရဟာ အင်မတန်ကြီးလေးတဲ့ အမျိုးသားရေး တာဝန် အရပ်ရပ်ကို စနစ်တကျ အကောင်အထည်ဖော်နေစဉ်အတွင်း အမျိုးသား ညီလာခံကြီးမှာ အမျိုးသားညီလာခံကိုယ်စားလှယ်များကို အစည်းအဝေးကျင်းပပုံ၊ အစည်းအဝေးတွင် တင်ပြပုံ၊ ဆွေးနွေးပုံများကို အလေ့အကျင့်ကောင်းများအဖြစ် ဖော်ဆောင်လေ့ကျင့်ပေးလျက် ရှိပါသည်။

အမျိုးသားညီလာခံကြီးတွင် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့က စနစ်တကျ အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ် အတည်ပြုခဲ့ကြပါတယ်။ အတည်ပြုပြီး ဒီအခြေခံ မူများနဲ့ အသေးစိတ် အခြေခံမူများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စရပ်များကို အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့ကို ပြန်လည်ချပြပြီး အခြေအနေ၊ အချိန်အခါအရ လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စရပ်များကို ချောမောစွာ ဆောင်ရွက်ခဲ့ကြပါတယ်။

ထို့အတူ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် ပေါ်ပေါက်လာမည့် လွှတ်တော်အသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်အတွက် အခြေအနေနှင့် အချိန်အခါအရ ပြောင်းလဲမှုများ ပေါ်ပေါက်လာပါက ပြောင်းလဲမှုကို လက်ခံပြီး ယခုကဲ့သို့ အလေ့အကျင့်ကောင်းများနဲ့အတူ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်းက စနစ်တကျပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စရပ်များကို အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား အကျိုးစီးပွားရေးနှင့် အမျိုးသားရေးတို့ကို ရှေးရှု၍ ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ ။

စာမျက်နှာ ၆ မှ

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)(၂)(၃) တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်၂၂၊ အပိုဒ်ခွဲ(ဓ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်စဉ်က–

အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)တွင်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်" ဟုလည်းကောင်း၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"** ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အရေးအသားအသုံးအနှုန်းများ ရှင်းလင်းလွယ်ကူပြီး အဓိပ္ပာယ်ပေါ်လွင်စေရအောင် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"ဟု လည်းကောင်း

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟု လည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး–

ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အများအပြား ပါဝင်ခွင့်ရရှိရေးအတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း သတ်မှတ်သင့်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိတဲ့ စီမံကိန်းတွေကို နိုင်နင်းအောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လုပ်ငန်းများနဲ့ လိုက်လျောညီထွေရှိမယ့် မြို့နယ်များကို ဖွဲ့စည်းသင့်ပါက တိုးချဲ့ဖွဲ့စည်းလာကြမှာ ဖြစ်ပါတယ်။

မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း၊ မြို့နယ် ၃၃၀ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦး ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

ဖတ်ကြားတင်ပြ

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဒေါ်နန်းခင်မွေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်(က)တွင် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်၁၂ဦးကျစီ'ဟု သတ်မှတ်ထားပါတယ်။ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် "ပြည်ထောင်စုနယ်မြေများ" ရှေ့တွင် 'သက်ဆိုင်ရာ'ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းနိုင်မည် ဖြစ်ပါတယ်။

ဒါကြောင့်–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ

တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်

ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ဦး"

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ဒါ့အပြင် **"ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်"**ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ဆက်လက်ထားရှိရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်း–

"(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့သည့်အတွက် ၁၉၉၆ ခုနှစ် မတ်လ၂၈၊ ၂၉နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့် မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့် မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟုဖြည့်စွက်ရန် သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက်ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူအပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ်**"ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌ"**ဟု ဖော်ပြထားသည့် စကားရပ်အစား **"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"**လို့ ဖြည့်စွက်ရန် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က **"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"**လို့ ဖော်ပြခဲ့ပါတယ်။

မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်မည်ဆိုပါက ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖို့လိုမယ်ဖြစ်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆၊ အပိုဒ်ခွဲ(ဎ)၊ အပိုဒ်ခွဲငယ်(က)ရှိ **"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"**ဆိုတဲ့ စကားရပ်အစား **"တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"**လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ချမှတ်ရန် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့်အခန်းခေါင်းစဉ် (၁၅)ခုအနက် 'နိုင်ငံတော်အခြေခံမူများ'အခန်းနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အခြေခံမူ(၁၀၄)ချက်ရဲ့အောက်တွင် မှတ်ချက်အဖြစ်–

"ထိုသို့ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ချမှတ်သည့် အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်–

- **သက်ဆိုင်ရာအခန်းအတွက် အခြေခံရမယ့်မူများ ဆွေးနွေးသည့်အခါ ထိုချမှတ်ထားသည့် အခြေခံရမည့်မူများကို အခြေခံအဖြစ် ထားရှိဆောင်ရွက်ရန်၊**
- **ထိုချမှတ်ထားသည့် အခြေခံရမည့်မူများအနက် –**
  - **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် ဖော်ပြသင့်သည့် မူများကို နိဒါန်းမှာလည်း ဖော်ပြရန်၊**
  - **နိုင်ငံတော်နှင့်စပ်လျဉ်းသည့် မူများကို နိုင်ငံတော်အခန်း ခေါင်းစဉ်ဖြင့် သီးခြားဖော်ပြရန်၊**
  - **သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းသည့်မူများကို သက်ဆိုင်ရာ အခန်းအတွက် ဆွေးနွေးသည့်အခါ ထိုအခန်းသို့ ပြောင်းရွှေ့ဖော်ပြရန်၊**
  - **နိုင်ငံတော် အခြေခံမူများအခန်းနှင့် စပ်လျဉ်းသည့်မူများကို နိုင်ငံတော်အခြေခံမူများ အခန်းမှာပင် ဆက်လက်ဖော်ပြရန်"**

လို့ဖော်ပြခဲ့ပါတယ်။

အခန်းခေါင်းစဉ်များနဲ့စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ သက်ဆိုင်ရာအခန်းနဲ့စပ်လျဉ်းတဲ့မူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြခဲ့ပါတယ်။ အသေးစိတ်အခြေခံရမယ့် မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့ အခြေခံမူများအနက် အချို့ အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများအခန်းတွင်လည်း ဆက်လက်ဖော်ပြထားသင့်သလို အချို့အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်ဟု သုံးသပ်ရရှိပါတယ်။

မလိုအပ်တော့လို့ ဆက်လက်ဖော်ပြခြင်းမပြုတော့တဲ့ အခြေခံမူများကို အသေးစိတ်တင်ပြရရင်–

နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–

၁။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်မည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့အား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ် ရန်ကုန်မြို့သို့ရောက်ရှိ၊ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့၌ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်ဇနီး ဒေါ်ခင်ဆွေမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ဇနီး ဒေါ်ထွေးရီ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် တာဝန်ရှိသူများ လိုက်ပါ၍ နံနက်၁၀ နာရီ၄၅ မိနစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြရာ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်ကပ်ပူဇော်

ဆက်လက်၍ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီးမဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်းမှတစ်ဆင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံပြီး ရွှေတိဂုံစေတီတော် မှတ်တမ်းဓာတ်ပုံ ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။**(အပေါ်ယာပုံ)**



ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြကာ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မော်လမြိုင် သဲအင်းဂူတရားစခန်း

ရန်ကုန် ဩဂုတ် ၁၅

မော်လမြိုင်မြို့ သဲအင်းဂူကျောင်းတိုက် အမှတ်(၁)တွင် တရားစခန်းများနေ့စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်ဝါတွင်းကာလ ဒုတိယအကြိမ်မြောက် အထူးအဓိဋ္ဌာန်တရားစခန်းများကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၁ရက်အထိကျင်းပမည်ဖြစ်ပြီး မော်ဘီသဲအင်းဂူ(ဗဟို)မှ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တပညာနှင့် ဘဒ္ဒန္တရေဝတတို့က ကြွရောက်တရားပြသ ဟောကြားမည်ဖြစ်သည်။ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်းနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းများလှူဒါန်းလိုပါက ဖုန်း–၀၅၇–၂၅၇၆၇၊ ၂၄၆၂၂နှင့် ၂၄၉၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

* ရှေ့ဖုံးမှ

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့်ဇနီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဧည့်သည်တော် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးအထိမ်းအမှတ် ကံ့ကော်ပင်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်ဇနီး ဒေါ်ခင်ဆွေမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့လိုက်ပါ၍ ယနေ့နံနက် ၇နာရီခွဲတွင် ခေတ္တတည်းခိုရာ နေပြည်တော်ဟိုတယ်ဇုန်မှ ကျန်းမာရေးဝန်ကြီးဌာန ပရဆေးမျိုးထိန်းဥယျာဉ်သို့ ရောက်ရှိလာကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးဦးထွန်းကြည်တို့က ကြိုဆိုကြသည်။

ကံ့ကော်ပင်စိုက်ပျိုး

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့သည်ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကိုစိုက်ပျိုးပေးကြပြီး မြေဩဇာနှင့် ရေစင်တို့ကို သွန်းလောင်းပေးကြသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီး၊ နေပြည်တော် မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး **(ဝဲပုံ)** ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့သည် ပရဆေးမျိုးထိန်းဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း မြန်မာ–ဗီယက်နမ် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း မြန်မာ–ဗီယက်နမ် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ တက်ရောက်မိန့်ခွန်းပြောကြား နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် မြန်မာ–ဗီယက်နမ် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး မိန့်ခွန်းပြောကြားသည်။

ဆွေးနွေးပွဲတက်ရောက်

အဆိုပါ မြန်မာ–ဗီယက်နမ် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်အတူ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Gia Khiem နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ အဆင့်မြင့် အရာရှိကြီးများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Tran Van Tungနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟို အလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ Vietnam Chamber of Commerce and Industry (VCCI) ဥက္ကဋ္ဌ Dr. Vu Tien Loc နှင့် အဖွဲ့ဝင်များ၊ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အကြား စီးပွားရေး လုပ်ငန်းဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှတ်တရ လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

ပြန်လည်ပေးအပ်

ယင်းနောက်ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် Vietnam Chamber of Commerce and Industry (VCCI) ဥက္ကဋ္ဌ Dr. Vu Tien Loc တို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

မြန်မာ–ဗီယက်နမ် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတွင် နှစ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များသည် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများတွင် အပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့အတွက် ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ မိတ်ဆက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၏ ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၏ဇနီး ဒေါ်ခင်ဆွေမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၏ ဇနီး ဒေါ်ထွေးရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung ၏ ဇနီး Mdm. Nguyen Thi Hoang Bich နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြိုဆို

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်မှူး ဦးထွန်းလတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အောင်စကြာမိုးကုတ်ရိပ်သာတရားစခန်း

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရားစခန်းပွဲများတွင် (ဝါခေါင်လဆန်း ၆ ရက်မှ ၁၅ရက်) ဩဂုတ် ၁၉ရက်မှ ၂၈ရက်အထိ ဦးစန္ဒာသာရ (ကျောင်းကုန်းမြို့)၊ (ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၄ရက်)စက်တင်ဘာ ၂ရက်မှ ၁၁ ရက်အထိ ဦးသုဇာတ (စမ်းချောင်း)၊ (တော်သလင်းလဆန်း ၆ရက်မှ ၁၅ရက်) စက်တင်ဘာ ၁၇ရက်မှ ၂၆ရက်အထိ ဦးပဏ္ဍိတ (ပိဋကနှစ်ပုံဆောင်) (ခြောက်ထပ်ကြီးကျောင်းတိုက်)၊ (တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ ရက်) အောက်တိုဘာ ၂ရက်မှ ၁၁ရက်အထိ ဦးဉာဏောဘာသ(သန်လျင်)နှင့် (သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက်) အောက်တိုဘာ ၁၇ရက်မှ ၂၆ရက်အထိ ဦးစန္ဒသိရီနှင့် ဆရာဦးဆန်းတင်(သာကေတမြို့)တို့က ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲလှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း–၅၄၇၀၂၈နှင့် ၀၉–၅၁၄၇၃၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မှတ်သားဖွယ်ရာမိုးရေချိန်

၁၅–၈–၂၀၀၇

မိုးကုတ်

၃ ဒသမ ၂၀ လက်မ

ရွှေကျင်

၂ ဒသမ ၄၈ လက်မ

ကျောက်တော်

၁ ဒသမ ၈၅ လက်မ

ခန္တီး

၁ ဒသမ ၆၅ လက်မ

မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ တရားပွဲ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမဏ္ဍာရုံကြီးတွင် (ဝါခေါင်လဆန်း ၈ရက်) ဩဂုတ် ၂၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် မဟာဂန္ထဝါစကပဏ္ဍိတ မဏ္ဍာစရိယ(စာချ) ဆရာတော် ဘဒ္ဒန္တဝိလာသက တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများက ဆရာတော်အား ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသည့် လှူဖွယ်ဝတ္ထုအစုစုဖြင့် လှူဒါန်းပူဇော်မည်ဖြစ်သည်။ **(က–ပ)**

❒ *ကျောဖုံးမှ*

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပေးအပ်

ထိုသို့ ပြန်လည်မထွက်ခွာမီ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက လေဆိပ်ဧည့်ခန်းမတွင် ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်း VCD နှင့် ဓာတ်ပုံ CD တို့ကို အမှတ်တရ ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်း ကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေ **(အပေါ်ပုံ)**၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဇနီး ဒေါ်ခင်ဆွေမြင့်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ဇနီး ဒေါ်ထွေးရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Tran Van Tung နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန်သင့်လျော်

ရန်ကုန် ဩဂုတ် ၁၅

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ ပဲခူးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးသန်းရွှေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ကိုယ်စား 'အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်'အပေါ် အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၈၈ခုနှစ်မှာ အသက်မဝင်ရပ်ဆိုင်းခဲ့ပြီး တပ်မတော်အစိုးရမှ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို လွှဲပြောင်းယူခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး တပ်မတော်အစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်

တောင်သူ လယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးသန်းရွှေ ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေးတာဝန် သုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူအများ လိုလားတောင့်တနေတဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် ဘက်ပေါင်းစုံမှ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

တစ်ဖက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ရသလို အခြားတစ်ဖက်မှာလည်း နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အချုပ်အခြာအာဏာ ခွဲဝေ သုံးစွဲနိုင်ခွင့်နဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေး ဆောင်ရွက်နိုင်ရန် အလွှာစုံ၊ အတွေ့အကြုံမျိုးစုံ၊ မြန်မာနိုင်ငံ တစ်နံတစ်လျား ဒေသအစုံတို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးအတွက် အခြေခံရမည့်မူများ ချမှတ်ရန် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်တွင် စတင်ကျင်းပခဲ့ပါတယ်။

အမျိုးသားညီလာခံ ကျင်းပနေစဉ်ကာလအတွင်းမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘက်စုံထောင့်စုံမှ အချိန်ယူဆွေးနွေးသုံးသပ်ပြီး အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို တညီတညွတ်တည်းချမှတ်ခဲ့တာကြောင့် အခြေခံရမည့်မူ(၁၀၄)ချက်နဲ့ အခန်း (၁၅) ခန်းအတွက် အခန်းခေါင်းစဉ်အလိုက် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကလည်း အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ အလွယ်တကူ လေ့လာနိုင်ရန် နိုင်ငံအသီးသီးက ဖွဲ့စည်းပုံ အခြေခံဥပဒေများ၊ မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်း အခြေအနေများအပေါ် အခြေခံပြီး စုစည်းတင်ပြမှုများ ပြုလုပ်၍ အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် အကြံပြုနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါတယ်။ အလွှာအသီးသီး၊ ဒေသအသီးသီးမှ ကိုယ်စားလှယ်များကလည်း မိမိတို့ ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး သီးခြားအကြံပြုချက်များကို တင်ပြခဲ့ရာ အဆိုပါ သီးခြားအကြံပြုချက်များထဲမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် အမျိုးသားညီလာခံမှ ချမှတ်ပေးလိုက်တဲ့အတွက် ညီလာခံ ကိုယ်စားလှယ်များမှ ဂုဏ်ယူဝမ်းမြောက်မိကြောင်း တင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုအခါ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေရှိစေရန်အတွက် ချမှတ်ပြီးခဲ့တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက်ညီညွတ် ဆီလျော်စေဖို့ မူလကချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–

၃။ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိမည်၊

၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့်ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ၊

၈။ ထိုသို့ လွတ်လပ်သောအခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ၊

၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်၊

၁၀။ နိုင်ငံတော်သည် အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန် ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာ ဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်၊

၁၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်၊

၁၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော (သို့မဟုတ်) ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန်ဥပဒေပြဋ္ဌာန်းနိုင်သည်၊

၁၃။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ ရရှိစေရန်ကူညီမည်။

အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–

၁၄။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။

၁၅။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ အသေးစိတ်အခြေခံရမယ့်မူများပဲ ဖြစ်ပါတယ်။

အထက်မှာတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို သက်ဆိုင်ရာ အခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီး ဖြစ်သည့်အတွက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့ကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်စဉ်က အပိုဒ်(၅)တွင် **"တည်ဆဲ ဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်"**လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ **အပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)**ကို ဆက်လက်ဖော်ပြရန်မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်ခွင့်ပြုသင့်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုစသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုရန်ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ပါကြောင်း ထောက်ခံအကြံပြု တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုကျင်းပလျက်ရှိတဲ့ အမျိုးသားညီလာခံသည် နောက်ဆုံးအကြိမ်ကျင်းပသည့် အမျိုးသားညီလာခံကြီးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပြင် ချမှတ်ပြီးခဲ့သော အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်း လေ့လာခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်များမှ အကြံပြုတင်ပြအပ်သည်ဟု သဘောရရှိသော စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အကြောင်းအရာနဲ့ပတ်သက်၍ သီးခြားအကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။

အထွေထွေပြဋ္ဌာန်းချက်များအခန်း၏ အမှတ်စဉ် ၁၉ အပိုဒ်(က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပါတယ်။

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း

(၃) အကျင့်သိက္ခာပျက်ပြားခြင်း

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းပျက်ယွင်းခြင်း

(၅) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်းဟု အခြေခံမူများ ချမှတ်ခဲ့ပါတယ်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍လည်း အထက်ပါအချက် ငါးချက်ဖြင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားရှိခဲ့ပါတယ်။

ယခင်ချမှတ်ပြီးခဲ့သော စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံတော်သမ္မတ(သို့မဟုတ်)ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်(သို့မဟုတ်)ဝန်ကြီးတစ်ဦးဦး၊ ပြည်ထောင်စုတရားသူကြီးချုပ်(သို့မဟုတ်)ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတစ်ဦးဦးတို့အား စွပ်စွဲပြစ်တင်လိုလျှင် အထက်ဖော်ပြပါ အမှတ်စဉ်(၁)မှ (၄)အထိသာ ချမှတ်ထားရှိခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်တွင် အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အချက်များကို တစ်ပြေးညီ (၅) ချက်စီ ဖော်ပြသင့်ကြောင်း သဘောရရှိပါတယ်။

"ပေးအပ်ထားသောတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း"ဆိုသည့်အသုံးအနှုန်းမှာ ယေဘုယျဆန်လွန်းပြီး မည်သူက မည်သည်ကို ရည်ညွှန်း၍ တာဝန်ပေးအပ်ကြောင်းမပေါ်လွင်နိုင်ဟု ယူဆရပါသည်။ **"ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးသုံးနှုန်းပါက တာဝန်ယူဆောင်ရွက်ရသည့်အပိုင်း ပိုမိုပေါ်လွင်စေပြီး ဆီလျော်မှုရှိစေနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ လက်ရှိအသေးစိတ်အခြေခံမူလေးချက်နှင့်ဆက်လျက် အမှတ်စဉ်(၅)အဖြစ် **"ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း"**ဆိုသည့် အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်သင့်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးဦးအားလည်းကောင်း စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ အပိုဒ်(၅)တွင် ဖော်ပြထားသည့် **"ပေးအပ်ထားသောတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း"**ဟူသောစကားရပ်အစား **"ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း"**စကားရပ် အသုံးအနှုန်းကိုလည်း ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့သည် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းခဲ့တဲ့ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အနက် ပြင်ဆင်ဖြည့်စွက်ခြင်း(၁၄)ချက်၊ ပယ်ဖျက်ခြင်း(၂)ချက်၊ ဆုံးဖြတ်ရန် (၁)ချက်နှင့် အခန်းပြောင်းရွှေ့ခြင်းတို့ကို ထောက်ခံတင်ပြပြီး စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်၍လည်း သီးခြားအကြံပြု တင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီးစီး၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးအတည်ဖြစ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာတော့မည်ဟု ယုံကြည်ပါကြောင်းတင်ပြလျက် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

စာမျက်နှာ ၁၀ မှ

စေဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲတဲ့အခါ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ဖို့အတွက် ချမှတ်ခဲ့ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း ပြုသင့်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အချောသပ်ပြုလုပ်ဖို့ ဆက်လက်အကြံပြု တင်ပြသွားမှာ ဖြစ်ပါတယ်။ သို့မှသာ လုပ်ငန်းစဉ်တစ်ခုလုံးရဲ့ ဆောင်ရွက်ချက်များဟာ Check, Re-check,Counter-check ဆိုတဲ့ အစီအစဉ်တကျ ဖြစ်မြောက်သွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အနေနဲ့ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ချမှတ်ခဲ့ပြီးဖြစ်တဲ့ အခြေခံမူ(၁၀၄)ချက်နဲ့အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့် မူတစ်ရပ် ချမှတ်ထားသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့စပ်လျဉ်းပြီး–

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ–

'နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်'

ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

'နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ'

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် အခန်း(၁) ဖြစ်တဲ့ 'နိုင်ငံတော်အခြေခံမူများအခန်း'တွင် 'နိုင်ငံတော်'ဆိုတဲ့ စကားရပ်များ အများအပြားပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအခန်းမှာ ဖော်ပြထားတဲ့ 'နိုင်ငံတော်'ဆိုတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင်သတ်မှတ်ပြီးဖြစ်စေဖို့ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း'အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ခဲ့တဲ့အပိုဒ် ၅၀ တွင် ထပ်မံဖြည့်စွက်သင့်ပါတယ်။

ဒါ့အပြင် အဲဒီအပိုဒ်မှာ 'အဖွဲ့အစည်း'ဆိုတဲ့စကားရပ်ကိုသာ ရည်ညွှန်းဖော်ပြထားတာနဲ့ ပတ်သက်ပြီး တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ကျင့်သုံးရတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီအခါမျိုးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာပေါ်ပေါက်နိုင်လို့ ယခုကတည်းက အသေးစိတ်အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ထည့်သွင်းဖော်ပြသင့်ပါတယ်။

ဒါကြောင့် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း' စုစည်းဖော်ပြချက်အပိုဒ် ၅၀ အား–

> **'ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်'**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်၍ချမှတ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၂)ရှိ 'တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ'ဆိုတဲ့ စကားရပ်အစား **'တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ'**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အနာဂတ်ကာလမြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ် ညီညွတ်စေရန်တို့အတွက် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ 'စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်' ဆိုတဲ့ စကားရပ်အစား **'စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်'** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၁)၊ (၂)နှင့် (၃)တို့တွင် 'တရားလွှတ်တော်'ဟု ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈) တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် 'ပြည်ထောင်စုတရားလွှတ်တော်ချုပ်'ဟု ဖော်ပြခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ဆိုသည့် စကားရပ်အစား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟု ဖြည့်စွက်ချမှတ်သင့်

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)နှင့် (၃)တို့ရှိ 'ပြည်ထောင်စုတရားလွှတ်တော်' ဆိုတဲ့ စကားရပ်အစား **'ပြည်ထောင်စုတရားလွှတ်တော်ချုပ်'**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တွင် 'နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်'လို့ ဖော်ပြခဲ့ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌသည်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အခြားအရည်အချင်းများနဲ့ ပြည့်စုံသော်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့ အသက် ၃၅နှစ်အောက် လျော့နည်းနေသူ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ဖော်ပြပါအသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ပါ စကားရပ်အား–

'နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်'လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၆ ခုနှစ်၊ မတ်လ ၂၉ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လေ့လာကြည့်ပါက တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးများနဲ့ စပ်လျဉ်းတဲ့ အရေးအသားအသုံးအနှုန်းများဟာ ရှင်းလင်းလွယ်ကူပြီး အဓိပ္ပာယ်ပေါ်လွင်စေတာ တွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန်လည်းကောင်း၊

အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

'တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

> **(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**
>
> **(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အားလည်းကောင်း တာဝန်ခံရမည်'** ဟုလည်းကောင်း–

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

'တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

> **(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**
>
> **(၂) ပြည်ထောင်စုစာရင်းစစ်ချုပ် အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်'**

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ကချမှတ်ပေးထားတဲ့ ဦးတည်ချက် (၁၂)ရပ်နဲ့အညီ နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိတဲ့အတွက် အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍအသီးသီးတွေမှာ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။ နောင်တွင် ယခုထက်ပိုမို၍ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ စီမံကိန်းတွေကို နိုင်နင်းအောင် လုပ်ဆောင်နိုင်ဖို့ လုပ်ငန်းများနဲ့ လိုက်လျောညီထွေရှိမယ့် မြို့နယ်များကို ဖွဲ့စည်းသင့်ပါက တိုးချဲ့ဖွဲ့စည်းလာကြမှာ ဖြစ်ပါတယ်။ အကယ်၍ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ထက်ကျော်လွန်သွားမှာ ဖြစ်ပါတယ်။ တိုးချဲ့ဖွဲ့စည်းမှုအရ မြို့နယ်ပေါင်း ၃၃၀ထက်ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ပူးပေါင်းပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

'ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

> **(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်း ဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ် သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**
>
> **(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ'**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းတွင် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် 'ပြည်ထောင်စုနယ်မြေများ'ရှေ့တွင် 'သက်ဆိုင်ရာ'ဟူသောစကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းသွားမှာဖြစ်ပါတယ်။

ဒါကြောင့် –

'အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

> **(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊**
>
> **(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး၊**
>
> **(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေ ပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်'**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ်သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

'၅။ ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်း–

> **(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်သည်။**
>
> **(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီးထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်နိုင်သည်'**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ရန် ရှင်းလင်းတင်ပြခဲ့ခြင်းကို ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ သဘောတူညီကြပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမယ့်မူများအနက် အပိုဒ် ၃၅ နှင့် ၃၆ တွင် ပါရှိသည့် 'ရန်ကုန်မြို့တော်' ဟူသော စကားရပ်အစား 'နေပြည်တော်'ဟု ဖြည့်စွက်ရန်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၁ မှ

သင့်လျော်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် 'ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ'ဟု ဖော်ပြထားသည့် စကားရပ်အစား 'နေပြည်တော်ကောင်စီဥက္ကဋ္ဌ'လို့ ဖြည့်စွက်ရန် သင့်လျော်ပါကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်မည်ဆိုပါက–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်ခွဲငယ်(က)ရှိ 'တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်'ဆိုတဲ့ စကားရပ်အစား **'တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်'**လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် လည်းကောင်း ပဓာနကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မကြာမီပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရန်အတွက် အမျိုးသားညီလာခံကြီးကို နိုင်ငံတော်အပိုင်းမှ ငွေအား၊ အချိန်အား မြောက်မြားစွာ ကျခံသုံးစွဲခဲ့ရသလို ကိုယ်စားလှယ်များအပိုင်းတွင်လည်း စီးပွားရေး၊ ကျန်းမာရေးမှ လူမှုရေးအတိုင်းအတာ တစ်ခုအထိ စေတနာထားဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီလို အရင်းအနှီးမြောက်မြားစွာမြှုပ်နှံပြီးမှ ပေါ်ထွန်းလာမည့် အခြေခံဥပဒေဟာ အနှစ်သာရပြည့်စုံပြီး ရေရှည်တည်တံ့ခိုင်မြဲမှု၊ ခေတ်စနစ်နဲ့လိုက်လျောညီထွေရှိမှု၊ ပြည်သူ့အကျိုး အပြည့်အဝဖော်ဆောင်နိုင်မှု အစရှိတဲ့ ကောင်းခြင်းလက္ခဏာတွေနဲ့ ပြည့်စုံတယ်လို့ ယုံကြည်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အသက်မဝင် ရပ်တန့်ရခြင်းအကြောင်းကို ပြန်လည်သုံးသပ်ပြီး ဆန်းစစ်ကြည့်မယ်ဆိုလျှင်–

(က) အခြေနေအချိန်အခါအလျောက် ပြင်ဆင်သင့်သည်များကို အချိန်မီ မပြင်ဆင်နိုင်ခြင်း၊

(ခ) နိုင်ငံသားများ၏ အကျိုးစီးပွားအလို့ငှာ လိုက်လျောညီထွေရှိမည့် ဥပဒေများ အချိန်နှင့်တစ်ပြေးညီ မပြဋ္ဌာန်းနိုင်ခြင်း၊

(ဂ) နိုင်ငံသားများ၏ အခွင့်အရေး ထိခိုက်နစ်နာမှုအပေါ် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်း

စတဲ့ အချက်တွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ထွန်းလာမည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အခွင့်အာဏာကို ကျင့်သုံးမယ့်အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တို့ဟာ ဖော်ပြပါအချက်များကို အထူးအလေးဂရုပြုဖို့ လိုမှာဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေ အင်တိုက်အားတိုက် ပူးပေါင်းတည်ဆောက်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့်နိုင်ငံတော်မှာ သက်ဆိုင်ရာအာဏာပိုင်အဆင့်ဆင့်တွေကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လေးစားလိုက်နာဖို့ လိုအပ်ပါမယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များမှလည်း ဆက်လက်စောင့်ရှောက်ကြရဦးမယ်လို့ ခံယူမိပါတယ်။

ကျွန်တော်တို့အနေနဲ့ အောင်မြင်စွာပြီးစီးတော့မယ့် အမျိုးသားညီလာခံကြီးမှတစ်ဆင့် ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးများမှ တစ်ဆင့် ပြည်သူတွေက ရွေးချယ်တင်မြှောက်ပေးမယ့် အစိုးရအဖွဲ့ဟာ မြန်မာနိုင်ငံတော်ကြီး၏ ကောင်းကျိုးအထွေထွေနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရပ်ရပ်ကို ပုံဖော်ပေးနိုင်ပြီး မဲဆန္ဒရှင်ပြည်သူများ၏အကျိုးစီးပွား၊ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အခွင့်အရေးများကို ကာကွယ်ပေးနိုင်တဲ့ ဖြူစင်မွန်မြတ်တဲ့အစိုးရ (Good Government) ပေါ်ပေါက်လာဖို့ကတော့ ကျွန်တော်တို့ရဲ့ အန္တိမရည်မှန်းချက်ဖြစ်ပြီး အဖြစ်ချင်ဆုံးနဲ့ အကောင်းဆုံးအခြေအနေကို မျှော်မှန်းမိပါတယ်။

ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြလို့ ပေါ်ထွန်းလာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်းတည်တံ့နေနိုင်အောင်၊ အာဏာသက်ရောက်နေနိုင်အောင် ပြည်သူတွေရဲ့အကျိုးစီးပွား၊ နိုင်ငံသား တစ်ဦးချင်းစီရဲ့ အခွင့်အရေးတွေကို မျက်ခြည်ပြတ်မခံဖို့တော့ မဖြစ်မနေလိုအပ်မယ်ဆိုတာ ထပ်မံတင်ပြလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ဥပဒေအားလုံးရဲ့ မူလအခြေခံဖြစ်ပါတယ်။ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လိုက်လျောညီထွေဖြစ်စေဖို့ ဥပဒေ၊ နည်းဥပဒေ၊ လက်စွဲဥပဒေများကိုလည်း ပြောင်းလဲလာမယ့် အခြေအနေများနဲ့ သဟဇာတဖြစ်အောင် ပြုပြင်ဆောင်ရွက်ရဦးမယ်လို့ ယုံကြည်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနဲ့ အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးရန် ကျရာကဏ္ဍတွင် အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသလို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှလည်း ကိုယ်စားလှယ်များ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ သွားလာမှု လွယ်ကူချောမွေ့စေရေး၊ လုံခြုံရေးမှသည် ကိုယ်ရေးကိုယ်တာကိစ္စများအထိ အစွမ်းဆောင်နိုင်ဆုံး ပံ့ပိုးကူညီပေးခဲ့တဲ့အတွက် ကော်မတီအသီးသီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ကိုယ်စားလှယ်အားလုံးရဲ့ကိုယ်စားပြောကြားလိုပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းတစ်ကွေ့မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို အပြည့်အဝဖော်ဆောင်ပေးနိုင်တော့မယ့် အမျိုးသားနိုင်ငံရေးမှတ်တိုင်သစ်ကို အခိုင်အမာ ချမှတ်ပေးနိုင်ခွင့်ရရှိခဲ့လို့လည်း ကျွန်တော်တို့ကိုယ်စားလှယ်များဘက်မှ များစွာဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။ နောက်နောင်တွင်လည်း ယခုထက်ပိုမိုပြီး ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်လိုပါကြောင်း ဆန္ဒပြုမိပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကိုမထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲဆောင်ရွက်ခွင့်ပြုသင့်ပါတယ်။

ဒါ့ကြောင့် **'ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း'** တောင်သူလယ်သမားကိုယ်စားလှယ်များအားလုံးရဲ့ ဆုံးဖြတ်ချက်ကို လေးစားစွာဖြင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၆–၈–၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈း၀၅ ၆။ အဆိုပြိုင်ပွဲ

၈း၁၅ ၇။ အကပဒေသာ

၈း၃၀ ၈။ International News

၈း၄၅ ၉။ Let's Go.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ English for Everyay Use.

၁၆း၄၅ ၄။ တေးဂီတအစီအစဉ်

၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) [အင်္ဂလိပ်စာ]

၁၇း၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၁၇း၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး

၁၇း၃၅ ၈။ တေးဂီတအစီအစဉ်

၁၇း၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၁၈း၀၀ ၁၀။ ညနေခင်းသတင်း

၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈း၃၅ ၁၂။ သီရိဂေဟာ

၁၉း၀၀ ၁၃။ **သူနဲ့ပဲနေတော့မယ်** ငှက်ပျောကြော်၊ ကြူကြူသင်း (ဒါရိုက်တာ–ရွှေဦး၊ MRTV)

၁၉း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း–၁၂)

၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း–၇)

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ ***ရုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ အနောက်မြောက်ဘက်တွင် ဩဂုတ် ၁၄ရက်က ဓာတုဗေဒစက်ရုံတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာ လူငါးဦး အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း ရုမေးနီးယား အာဏာပိုင်များက ပြောကြားသည်။ အဆိုပါစက်ရုံမှာ ဘူခါရက်မြို့ အနောက်မြောက်ဘက် တာရှုမူရက်စ်မြို့၌ရှိပြီး ဩဂုတ် ၁၄ရက် နံနက် ၁၁နာရီ ၅၅မိနစ်က ယင်းကဲ့သို့ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။***

❖ အသက် ၅၃နှစ်အရွယ်ရှိ ဩစတြေးလျနိုင်ငံသားတစ်ဦးသည် ခရီးသွားစဉ် မြင်းပေါ်မှလိမ့်ကျကာ မိကျောင်းများရှိရာ ရွှံ့ညွန်အိုင်အတွင်း ရောက်ရှိသွားသဖြင့် နီးစပ်ရာသစ်ပင်တစ်ပင်ပေါ်သို့ အမြန်ပြေးတက်ခဲ့ရကြောင်း၊ ၎င်းအား မိကျောင်းများက အချိန်ပြည့်စောင့်ကြည့်နေသဖြင့် သစ်ပင်ပေါ်၌ ခုနစ်ရက်ခန့် နေထိုင်ခဲ့ရကြောင်း၊ ထို့နောက် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းက လာရောက်ကယ်တင်ခဲ့ရကြောင်း ဩစတြေးလျမီဒီယာများက ဩဂုတ် ၁၄ရက်၌ ဖော်ပြသည်။

❑ ***တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ဩဂုတ် ၁၃ရက်က မီတာ ၆၀ အမြင့်ရှိသော ချားရဟတ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် ကလေးငယ်တစ်ဦးအပါအဝင် လူငါးဦးသေဆုံးသွားကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။***

❖ စာတိုက်ဝန်ထမ်းတစ်ဦးဖြစ်သော အသက် ၄၀အရွယ်ရှိ စကော့တလန် အမျိုးသမီးကြီးတစ်ဦးသည် ဩဂုတ် ၁၃ရက်က တစ်ပေါင်ခန့်တန် ထီလက်မှတ်တစ်စောင်မှ ပေါင် ၃၅ဒသမ၄သန်း ပမာဏရှိသော ထီဆုပေါက်ခဲ့ရာ ယူရိုမီလီယံ သန်းဆုထီသမိုင်းတွင် တစ်ဦးတည်း ဆုကြေးငွေအများဆုံး ရရှိခြင်းဖြစ်ကြောင်း သိရသည်။

❑ ***အိန္ဒိယနိုင်ငံ ဟီမာချာပရာဒတ်ရှ်ပြည်နယ် ဒါရာလာကျေးရွာတွင် ဩဂုတ်၁၅ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် လူ ၆၀သေဆုံးသွားကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။***

❖ ဂရိနိုင်ငံတောင်ပိုင်း အိုင်ဂီရိုမြို့အနီး ကမ်းခြေတစ်ခု၌ ဩဂုတ်၁၀ရက်က ရေကူးနေသော အမျိုးသားတစ်ဦးသည် ရုတ်တရက် လေပြင်းမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် ပင်လယ်ပြင်သို့မျောပါပျောက်ဆုံးသွားခဲ့ရာ ဩဂုတ် ၁၃ရက်၌ ပင်လယ်ပြင်တွင် အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❑ ***ပါကစ္စတန်နိုင်ငံ မူလ်တန်မြို့အနီး ချီနပ်မြစ်တွင် ဩဂုတ် ၁၅ရက်က ခရီးသည်တင် လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၁ဦးသေဆုံးသွားကြောင်း ပါကစ္စတန်မီဒီယာများက ဖော်ပြသည်။***

(အင်တာနက်)

နိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၅)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၆၆ဌာနတို့၌ ဇွန် ၅ရက်မှ ၉ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

အောင်မြင်

အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တွင် ငါးကျမ်းအောင် အပါး ၂၁၀၊ လေးကျမ်းအောင် ၁၉၃ပါး၊ သုံးကျမ်းအောင်၁၆၁ပါး၊ နှစ်ကျမ်းအောင် ၂၅၁ ပါး၊ တစ်ကျမ်းအောင် ၃၁၆ပါးတို့ ဖြစ်ကြသည်။

ကြည့်ရှုနိုင်

အဆိုပါ အောင်စာရင်း အပြည့်အစုံကို စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ လပွတ္တာနှင့် စလင်းမြို့နယ်မှ ပါတီဝင်လေးဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအောင်နိုင်၊ ဦးလှဝေနှင့်ဒေါ်စန်းစန်းမော်၊ မကွေးတိုင်း စလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးတင်ဝင်းတို့သည် ဩဂုတ်၂ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ်နှင့် စလင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၈–၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်

၇း၀၅ မဟာပဋ္ဌာန်းဝိပဿနာတရားတော် (သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝါယမ)

၇း၄၅ သန္တာရသလွင်ပြင် (ဓမ္မပဒဆွေးနွေးခန်း) (အပိုင်း–၁)

၈း၃၀ တေးဂီတအစီအစဉ်

၈း၃၅ ပြည်တွင်းအနုပညာရေးရာ

၉း၀၅ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ဖို့ ဝိုင်းဝန်းကြိုးပမ်းစို့

၉း၂၀ ပြည်တွင်းသတင်းအကျဉ်း

၉း၃၀ တေးဂီတအစီအစဉ်

၉း၃၅ သင်ယူလေ့လာဂီတပညာ [ဂီတာအခြေခံတီးခတ်နည်း(ကိုစိုင်း)] (အပိုင်း–၂)

၁၀း၀၅ တေးဂီတအစီအစဉ်

၁၀း၁၀ မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး

၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း

၁၀း၂၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဟော့ပေါ့ချက်ပြုတ်နည်း)

၁၀း၄၅ တေးဂီတအစီအစဉ်

၁၀း၅၀ ကော်ဖီကိုဗဟိုပြု၍

၁၁း၁၀ မိုးလေဝသခန့်မှန်းချက်

၁၁း၁၅ တေးဂီတအစီအစဉ်

၁၁း၂၀ လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း

၁၁း၄၀ ပြည်တွင်းသတင်းအကျဉ်း

၁၁း၅၀ တေးဂီတအစီအစဉ်

၁၁း၅၅ Good Health ကျန်းမာရေးပညာပေးဟောပြောပွဲ (အရေပြားထိန်းသိမ်းမှု အခြေခံအချက်များ) (အပိုင်း–၁) (အရေပြားအထူးကုဆရာဝန် ဒေါက်တာ စိုးဝင်းဦး)

၁၂း၃၀ တေးဂီတအစီအစဉ်

၁၂း၃၅ နိုင်ငံတကာသတင်းအကျဉ်း

၁၂း၄၀ စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဇီဝဓာတ်ငွေ့ပေါင်းအိုးပါ

၁၂း၅၅ တေးဂီတအစီအစဉ်

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းအနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ တတိယအဆင့် ရှုံး/ထွက် ပွဲစဉ်(၂)ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း

ညနေ (၃)နာရီခွဲ (ခခ)အုပ်စုနှင့် (ဃဃ)အုပ်စု

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	**နှစ်ဂိုး။**
အလုပ်သမားဝန်ကြီးဌာန	**ဂိုးမရှိ။**

တက်ရောက်အားပေး

အဆိုပါဘောလုံးပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း/အမှုထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကစားကြမည်

ဩဂုတ် ၁၆ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဂဂ) အုပ်စုမှ အုပ်စုပထမ အားကစားဝန်ကြီးဌာနအသင်းနှင့် (ကက)အုပ်စုမှ အုပ်စုဒုတိယ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က–ပ)**

ဦးလှမောင် ၁၁/စတန(နိုင်)၀၁၂၅၇၄၊ အမှတ် ၁၆၊ မြသီတာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ၁၄–၈–၂၀၀၇ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇၌ပါရှိသော ကြေညာစာနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ဖြေရှင်းခြင်းနှင့်သတိပေးခြင်း

၁၄–၈–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ပိုင်ရှင် ဒါရိုက်တာဦးလှမောင်၏ ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးအေးသောင်း၊ ဒေါ်စိန်စိန်ညွန့်၊ အထက်တန်းရှေ့နေ ဦးမိုးကျော်သူတို့က မြမဟီကုမ္ပဏီလီမိတက် သတ္တုတူးဖော်ရေးမန်နေဂျင်းဒါရိုက်တာ ဦးလယောက်လွှမ်းဟောင်း ၁/မကန(နိုင်)၀၈၁၈၃၉အပေါ် ကြေညာချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

၁၄–၈–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးလှမောင်၏ ကြေညာချက်များမှာ ဖြစ်ရပ်မှန်များအားထိန်ချန်၍ ကြေညာခြင်းသာဖြစ်ပါသည်။

ဦးလှမောင်၏မိသားစုစန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တွင် ဦးလှမောင်သည် မန်နေဂျင်းဒါရိုက်တာအဖြစ်လည်းကောင်း၊ ဒေါ်စောညွန့်နှင့်ဒေါ်စောစန္ဒီကျော်တို့သည် ဒါရိုက်တာများအဖြစ် ပါဝင်ဖွဲ့စည်းခဲ့သောကုမ္ပဏီဖြစ်ပြီး ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၄၅ဖြင့် ကုမ္ပဏီများဆိုင်ရာ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ဖွင့်လှစ်ထားပြီး သတ္တုတွင်းဝန်ကြီးဌာနရုံးတွင် အသေးစားထုတ်လုပ်ခွင့် ခွင့်ပြုမိန့်အမှတ်(၈၃/၂၀၀၂)ဖြင့် ၂၄–၉–၂၀၀၂တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဖောင်းတောဒေသရှိ မြေပုံအညွှန်းအမှတ် အယ်လ်အယ်လ် ၇၇၆၀၅၂ ဖြင့် ဧက ၅၀အား သတ်မှတ်စည်းကမ်းချက်နှင့်အညီ သတ္တုတူးဖော်ရန် သတ္တုတွင်းဝန်ကြီးဌာနမှ ချပေးခဲ့၍ ၂၆–၉–၂၀၀၂ရက်တွင် ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုပြီး ခဲသတ္တုရိုင်းများ စတင်ထုတ်လုပ်ရောင်းချခွင့်ရရှိခဲ့သော်လည်း လုပ်ငန်းများလုပ်ကိုင်နိုင်မှုမရှိ၍ ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ MGW Center၊ အခန်းအမှတ် ၂၀၁ရှိ ဦးလယောက်လွှမ်းဟောင်းပိုင် မြမဟီကုမ္ပဏီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့လာရောက်ပြီး ဦးလှမောင်သည် ၎င်းပိုင်စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အမည်ဖြင့်ရရှိထားသော ခဲသတ္တုရိုင်းတူးဖော်လုပ်ကိုင်ခွင့်နှင့် ကုမ္ပဏီအစုရှယ်ယာများကို ကာလတန်ဖိုးကျပ် ၁၅ သိန်း (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)နှင့်တူးဖော်ထားသော ခဲသတ္တုရိုင်းနှင့်အဆောက်အအုံ စက်ယန္တရားများကို ကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်တိတိ) တန်ဖိုးထား၍ ဦးလယောက်လွှမ်းဟောင်း(မြမဟီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)သို့ ရောင်းချ၍ ၂၉–၅–၂၀၀၄ရက်တွင် စာချုပ်ချုပ်ဆိုလျက် စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ရှိ အစုရှယ်ယာ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်နှင့် လွှဲပြောင်းပေးခြင်းဖြစ်ပြီး ကုမ္ပဏီနှင့်သက်ဆိုင်သော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်း၊ ထုတ်ကုန်သွင်းကုန် မှတ်ပုံတင်လက်မှတ်မူရင်းနှင့် အခြားစာရွက်စာတမ်းများကို လက်ရောက်ပေးအပ်ကြောင်း စာချုပ်ချုပ်ဆိုပြီး ထိုစာချုပ်တွင် စာချုပ်ချုပ်ဆိုပြီး နောက်တွင် စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများအပေါ်တွင် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့်အပြင် မည်သည့်အခါမျှ အစုရှယ်ယာကို ရယူလိုကြောင်း တောင်းဆိုမည်မဟုတ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမောင်နှင့် ဒါရိုက်တာ ဒေါ်စောညွန့်၊ ဒေါ်စောစန္ဒီကျော်တို့သည် ၎င်းတို့သည် ထည့်ဝင်ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံးကို မြမဟီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးလယောက်လွှမ်းဟောင်းသို့ လွှဲပြောင်း/ရောင်းချပြီး ၎င်းတို့သည် ကုမ္ပဏီအစုဝင်နှင့်ဒါရိုက်တာတာဝန်မှနုတ်ထွက်ကြောင်း ၂၆–၆–၂၀၀၄ရက်တွင် လက်မှတ်ရေးထိုးလျက် စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ နုတ်ထွက်သွားပြီးဖြစ်သည့်အပြင် ဦးလှမောင်ကိုယ်တိုင် အစုရှယ်ယာခွဲဝေစာရင်းပုံစံ(၆) အစုရှယ်ယာလွှဲပြောင်းခြင်းဒါရိုက်တာများစာရင်းပုံစံ(၂၆)၊ ရုံးခန်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့ကို မှတ်ပုံတင်အရာရှိကုမ္ပဏီများဆိုင်ရာမှတ်ပုံတင်ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ စာများပေးပို့အကြောင်းကြားခဲ့ပြီးဖြစ်ကြပါသည်။

ဦးလှမောင်နှင့် ဒေါ်စောညွန့်၊ ဒေါ်စောစန္ဒီကျော်တို့သည် ၎င်းတို့ပိုင်ဆိုင်ခဲ့သော စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် သတ္တုရိုင်းတူးဖော်ခွင့်လုပ်ငန်းနှင့် စာရွက်စာတမ်းများအားလုံးကို ဦးလယောက်လွှမ်းဟောင်းသို့ ၂၉–၅–၂၀၀၄ရက်မှစ၍ စာချုပ်စာတမ်းနှင့်တကွ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်၍ စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏အမည်ကို လုံးဝသုံးစွဲပိုင်ခွင့်မရှိတော့မှန်းသိလျက် မမှန်မကန် သတင်းစာမှတစ်ဆင့်ကြေညာခြင်း၊ ဦးလယောက်လွှမ်းဟောင်း၏ ဂုဏ်သိက္ခာနှင့် ကုမ္ပဏီ၏ဂုဏ်သိက္ခာများကိုပါ ထိခိုက်စော်ကား၍ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ကြေညာခြင်းဖြစ်၍ အဆိုပါသတင်းစာကြေညာချက်ကို ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် မရုပ်သိမ်းပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ဦးလယောက်လွှမ်းဟောင်း၏လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အေးသီရိဝင်း	**ဒေါ်ဖြူမြတ်သွယ်**	**ဦးအောင်အောင်ထွန်း**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားရုံးချုပ်ရှေ့နေ**

အမှတ် ၇၃၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁–၄၈၆၄၄။

လှိုင်သာယာ အထည်ချုပ်စက်ရုံ၌ မီးလောင် စက်ရုံပိုင်ပစ္စည်းအချို့မီးလောင်ဆုံးရှုံး နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဦးအောင်သူလမ်း အကွက်အမှတ် ၁၆၃ ရှိ Friendship အထည်ချုပ်စက်ရုံ၌ ယနေ့နံနက် ၁၀ နာရီ ၂၅မိနစ်ခန့်က စက်ရုံမီးဖိုချောင်ရှိ ဘွိုင်လာအိုးပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ် ၃၃စီး၊ အုပ်ချုပ်မှုယာဉ် ၁၀စီး ပေါင်း၄၃စီး ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့်မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ကူညီပံ့ပိုး

မီးလောင်မှုကြောင့် စက်ရုံပိုင်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးခဲ့ပြီး စက်ရုံလုပ်သား နှစ်ဦးသေဆုံးခဲ့ကြောင်း၊ စက်ရုံအလုပ်သမား ခုနစ်ဦးနှင့် မီးသတ်ဝန်ထမ်းတစ်ဦးတို့ မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း၊ ဆေးရုံတက်လူနာများအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်း မြို့နယ် ဟောဝန်အိမ်ရာနေ မခင်စုလှိုင်က မွေးနေ့ကောင်းမှုအဖြစ် ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်ငါးသိန်း လှူဒါန်းရာ သူနာပြုနှင့် ဆေးဝါးကျွမ်းကျင်မမိုးမိုးကြည်က လက်ခံရယူစဉ်။ (က–ပ)

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ၏ မိုင်းခွဲဖျက်ဆီးမှု မဟာခေတ်အားလိုင်း တာဝါတိုင်နှစ်တိုင်ပျက်စီး တာဝန်ရှိသူများ အမြန်ပြန်လည်ပြင်ဆင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ၎င်းတို့ ဆက်လက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ပျက်ပြားအောင် ဖျက်ဆီးပြီး အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ကျူးလွန် လုပ်ဆောင်လျက်ရှိသည်။

ယိုင်နဲ့သွား

ဩဂုတ်၁၄ရက် မွန်းလွဲ ၁ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ကရင်ပြည်နယ် သံတောင်မြို့နယ် ယာဒိုနှင့် သောက်ရေခပ်အကြားရှိ လိပ်သို–ယာဒို မဟာခေတ်အားလိုင်း၊ တာဝါတိုင်အမှတ် (၂၀၆) နှင့် (၂၀၈)တို့ ပြိုလဲပျက်စီးခဲ့ပြီး တာဝါတိုင်အမှတ် (၂၀၅)မှာ ယိုင်နဲ့သွားခဲ့ကြောင်း သိရှိရသည်။

ပြိုလဲပျက်စီး

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ၁၉၉၉ ခုနှစ်ကလည်း အဆိုပါတာဝါတိုင်နေရာများအား မိုင်းခွဲဖျက်ဆီးမှု ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ဖျက်ဆီးခဲ့မှုကြောင့် တာဝါတိုင်အမှတ် (၂၀၇)မှာ ပျက်စီးသွားခဲ့ပြီး တာဝါတိုင်အမှတ် (၂၀၈)မှာ ယိုင်နဲ့သွားခဲ့သဖြင့် ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ခဲ့ရကြောင်း၊ ယခုအကြိမ် တာဝါတိုင် အမှတ် (၂၀၆) အားမိုင်းခွဲဖျက်ဆီးခံရစဉ် တာဝါတိုင် အမှတ်(၂၀၈) မှာလည်း ယခင်ဖျက်ဆီး ခံထားရသည့်ဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တာဝါတိုင်များ ပြိုလဲပျက်စီးသွားခဲ့သော်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း မရှိဘဲ မီးလင်းရေးအတွက်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းချေမှုန်း

ယင်းကဲ့သို့ ပျက်စီးချွတ်ယွင်းသွားခဲ့သည့် တာဝါတိုင်များကို တာဝန်ရှိသူများက အမြန်ပြန်လည်ပြင်ဆင်လျက်ရှိကြောင်းနှင့် မိုင်းခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ဆုတ်ခွာရာနောက်သို့ နယ်မြေခံတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်း ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ပြသည် | ရန်ကုန် ဩဂုတ် ၁၅

မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အပြီးသတ်စာရင်းထုတ်ပြန်

မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၀ ရက်မှ ၂၉ရက်အထိ ကျင်းပမည့် (၃၉)ကြိမ်မြောက် မာဒေးကား ဖလား ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ အပြီးသတ် ဆန်ခါတင် ၁၈ ဦး စာရင်းကို ထုတ်ပြန်လိုက်ပြီ ဖြစ်ရာ အာဆီယံ (ယူ–၂၀) ပြိုင်ပွဲဝင် မြန်မာ (ယူ–၂၀)အသင်းမှ တိုက်စစ်မှူး အောင်ကျော်မျိုး ပြန်လည်ပါဝင်လာသည်။

ဆောင်ရွက်ကြမည်

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းဇော် (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး (အမှုဆောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ နည်းပြချုပ်အဖြစ် မားကို့စ် အန်တိုနီယို(ဘရာဇီး)၊ နည်းပြအဖြစ် ဦးဉာဏ်ဝင်း(စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင် (မြို့တော်စည်ပင်)နှင့် ဦးအောင်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ် (မြို့တော်စည်ပင်)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကျော်ဦး(အား/ကာ ဦးစီးဌာန)၊ သူနာပြုအဖြစ် ဦးဘကြိုင် (အား/ကာ ဦးစီးဌာန)တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံး

မြန်မာ့လက်ရွေးစင်ဘောလုံးသမားများအဖြစ်**(ဂိုး)**ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ **(နောက်တန်း)**ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ ဇော်လင်းထွန်း၊ မင်းသူ (စီးပွား/ကူးသန်း)၊ သူရအောင် (ဘဏ္ဍာ/အခွန်)၊ **(အလယ်တန်း)** ဇော်ထက်အောင်(စွမ်းအင်)၊ မိုးဝင်း၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ အောင်မိုး (မြို့တော်စည်ပင်)၊ **(ရှေ့တန်း)** ရန်ပိုင်၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)နှင့် အောင်ကျော်မျိုး (စွမ်းအင်)တို့ ပါဝင်ကြသည်။

ထွက်ခွာမည်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(က)၌ ပါဝင်ပြီး ဩဂုတ် ၂၀ ရက်တွင် လီဆိုသိုအသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် အိမ်ရှင်မလေးရှားအသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် လာအိုအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဩဂုတ် ၁၈ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ဝှေ့အားကစားအဖွဲ့ လေ့ကျင့်ပြင်ဆင်

ထိုင်းနိုင်ငံတွင် လာမည့်ဒီဇင်ဘာ၆ရက်မှ ၁၅ရက်အထိကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ဝှေ့အားကစားအဖွဲ့သည် အမျိုးသားအားကစားသမား ၁၃ဦး၊ အမျိုးသမီးအားကစားသမားခုနစ်ဦး စုစုပေါင်းအားကစားသမား၂၀ဖြင့် စခန်းဝင်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

တာဝန်ယူ

မြန်မာ့လက်ဝှေ့အားကစားအဖွဲ့တွင် အုပ်ချုပ်သူ/နည်းပြအဖြစ် ဦးစန်းမြင့် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဦးအောင်မြင့်၊ လက်ထောက်နည်းပြများအဖြစ် ဦးစိုးစိုး၊ ဦးစံလှလေး၊ ဦးကျော်စိုးနှင့် ဦးမြင့်ထွန်း၊ အမျိုးသမီးအုပ်ချုပ်သူ/နည်းပြအဖြစ် ဒေါ်မြတ်သက်မွန် တို့က တာဝန်ယူဆောင်ရွက်ကြသည်။

ပါဝင်

အမျိုးသားအားကစားသမားများအဖြစ် ဇော်မျိုးမင်း၊ ကျော်စွာအောင်၊ ဝေဖြိုးထွန်း၊ မိုးမင်း၊ ပိုးဇာ၊ သန်းထိုက်၊ ထွန်းထွန်းအေး၊ စိုင်းစိုးမြတ်၊ ရန်နောင်စိုး၊ စိုးရာဇာ၊ မြတ်သိန်းထွန်း၊ ညီညီအောင်နှင့် ဇော်မိုး၊ အမျိုးသမီး အားကစားသမားများအဖြစ် ကြူကြူသင်း၊ နော်မူချေ၊ သက်ထားစံ၊ နှင်းအိဆွေ၊ နှင်းမို့မို့နိုင်၊ သန်းသန်းလှိုင်နှင့် ချောစုအေးတို့ပါဝင်ကြသည်။

ပူးတွဲလေ့ကျင့်

ပဏာမမြန်မာ့လက်ရွေးစင် လက်ဝှေ့အားကစားသမားများကို ၂၀၀၆ ခုနှစ် မတ် ၁ ရက်မှ စတင်၍ စခန်းသွင်း လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ မြန်မာလက်ဝှေ့အားကစားသမားသည် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အိမ်ရှင်ထိုင်းလက်ဝှေ့သမားများအပါအဝင် လေးနိုင်ငံ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၀၇ခုနှစ် ဧပြီလ၌ ထိုင်းဘုရင့်ဖလားပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများ ထပ်မံပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ငါး၊ ပုစွန် သယံဇာတ ပေါကြွယ်ဝစေရေး ကျုံဘုတ်အင်းအတွင်း ရေချိုပုစွန်မျိုးစိုက်ထည့်

ဖျာပုံ ဩဂုတ် ၈

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဒေသအတွင်း ငါး၊ ပုစွန်သယံဇာတ ပေါကြွယ်ဝစေရေးအတွက် အင်းများအတွင်း ရေချိုပုစွန်မျိုးစိုက်ထည့်ပွဲကို ဩဂုတ်၄ရက် နံနက်၈နာရီက ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျုံဘုတ်အင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးဘုန်းမြင့်၊ ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးအောင်၊ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးဝေ၊ ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်နှင့် မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရေချိုပုစွန်မျိုးစိုက်ထည့်ပွဲတွင် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသိန်းဦးဝေနှင့် တာဝန်ရှိသူများက ဒေးဒရဲမြို့နယ် ကျုံဘုတ်အင်းအတွင်း ရေချိုပုစွန်သားပေါက်ကောင်ရေ သုံးသိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၇၉)

သွေးလွန်တုပ်ကွေးနှင့် ကူးစက်ရောဂါပိုးများသယ်ဆောင်သော ခြင်သားလောင်းများစား ငါးမျိုးများ ဖြန့်ဝေစိုက်ထည့်

တွံတေး ဩဂုတ် ၈

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်သန်းဦးနှင့် အဖွဲ့ဝင်တို့က ခြင်များပေါက်ပွားစေတတ်သော ချောင်း၊ မြောင်း၊ ရေဆိုးမြောင်း၊ မီးသတ်ရေကန်နှင့်သောက်ရေကန်စသည့် နေရာများ၌ ထည့်သွင်းရန်၊ သွေးလွန် တုပ်ကွေးနှင့် အခြားကူးစက်စေတတ်သော ရောဂါပိုးများသယ်ဆောင်သည့် ခြင်သားလောင်းများကို စားသုံးသော ငါးမျိုးများ ဖြန့်ဝေစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၁၀နာရီကအထက(၁)ကျောင်းရှေ့၌ ကျင်းပသည်။

ဖြန့်ဝေ

အဆိုပါအခမ်းအနားတွင် စုစုပေါင်း ငါးကောင်ရေ ၅၀၀၀ကို တွံတေးမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုစုပေါင်း၁၀၀ခန့်တို့ကို ဖြန့်ဝေပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၁၁ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

မြို့နယ် သတင်းများ

မော်လမြိုင်၌ ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်

မော်လမြိုင် ဩဂုတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၁၁နာရီက မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်သီသီရှိန်နှင့် အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာ အမှုဆောင်များ၊ အသင်းဝင်များ၊ အမှုဆောင်သင်တန်းသူ ၆၀ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဖွင့်ပွဲတွင် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်သီသီရှိန်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ရီရီခင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းပို့ချမည့် သင်ခန်းစာများ အကြောင်းကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။ **(၁၆၈)**

လက်ဖက်စိုက်ပျိုးပွဲ မင်းတပ်၌ကျင်းပ

မင်းတပ် ဩဂုတ် ၈

ချင်းပြည်နယ် မင်းတပ်မြို့နယ်၏ ၂၀၀၇ခုနှစ် လက်ဖက်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၁ရက် နံနက် ၈နာရီက မင်းတပ်-မတူပီကားလမ်းဘေး နှစ်မိုင်စိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား လက်ဖက်ပျိုးပင်များကို ပေးအပ်သည်။

လက်ဖက်စိုက်ပျိုး

ထို့နောက် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ဖက်ပင်များ စိုက်ပျိုးပေးကြပြီး မင်းတပ်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် ရပ်ကွက် ပြည်သူများ၏ လက်ဖက်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စိုက်ပျိုးပွဲတော်သို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူ ၈၇၀ကျော် တက်ရောက်ခဲ့ပြီး လက်ဖက်ပင်များ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိုးနဲမြို့ အောင်သပြေကျေးရွာ စစ်သွေးစာကြည့်တိုက်ဖွင့် စာအုပ်၊ ဂျာနယ်နှင့် မဂ္ဂဇင်းများလွှဲပြောင်းပေးအပ်

မိုးနဲ ဩဂုတ် ၈

မိုးနဲမြို့နယ် အောင်သပြေကျေးရွာ စစ်သွေးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သာက ကျေးရွာစာကြည့်တိုက် ထူထောင်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဆောက်အအုံဆောက်လုပ်ခြင်း၊ စာအုပ်စာတမ်းများ စုဆောင်းခြင်း၊ ပြည်သူများစာဖတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် စင်တင်စနစ်များကို ရှင်းလင်းတင်ပြပြီး စစ်သွေးစာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးရဲငွေက ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထူထောင်မတည်ပေးသည့် စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် မဂ္ဂဇင်းများကို မြို့နယ် ဦးစီးမှူးဦးအောင်သာက ကျေးရွာဥက္ကဋ္ဌ ဦးရဲငွေထံ လွှဲပြောင်းပေးအပ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် နယ်လှည့်စာဖတ်ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ချောမွေ့ကောင်းမွန်စေရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ နောင်ခိုရပ် ရွှေကျီးနားဘုရားလမ်းကတ္တရာ လမ်းပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုးနေလင်းနှင့်အဖွဲ့ ဆောင်ရွက်မှုကို ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာမှူးဦးသိန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပေါင်းတည်မြို့ ရှမ်းစုလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဇူလိုင် ၂၆ရက်က ပဲခူးတိုင်း (အနောက် ပိုင်း) စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်) က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ သင်ကြားစီမံ ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် အဖြူရောင်ပိတောက်ပျိုစာအုပ်နှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပေါက်ခေါင်းမြို့နယ်၌ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

ပေါက်ခေါင်း ဩဂုတ် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းက ပြည်-ပေါက်ခေါင်းကားလမ်း မိုင်တိုင်အမှတ် ၁၃/၅ အနီး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား၄၀၀ကျော် တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနက ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက် သစ်မျိုး၄၅၀ကို စိုက်ပျိုးကြပြီး **(အောက်ပုံ)**သစ်တောဦးစီးဌာနမှ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခြစည်းရိုး ကြက်ဆူပင်နှင့် အခြားအရိပ်ရ သစ်မျိုး လူထုဖြန့် အပင်တစ်သိန်းကို ယခုနှစ် မိုးရာသီအတွင်း မြို့ပေါ် ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ဖြန့်ဝေစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်သစ်တောဦးစီး)

ဟိုပန်မြို့၌ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်ဆက်ကပ် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံလှူဒါန်း

ဟိုပန် ဩဂုတ် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့ မြသိန်းတန်သာသနာပြု ပရိယတ္တိစာသင်တိုက်နှင့် မြသိန်းတန်ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ (၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး တက်ရောက်ကြည်ညိုကြသော သံဃာတော်အရှင်သူမြတ်များနှင့် ဒါယကာ ဒါယိကာမများက နမောတဿသုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆောက်တည်

ထို့နောက် တက်ရောက်လာကြသည့် ဒါယကာ ဒါယိကာမအပေါင်းတို့က မြသိန်းတန်သာသနာပြုပရိယတ္တိစာသင်တိုက်နှင့် မြသိန်းတန်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသောဘိတ (ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ဆက်လက်၍ ဟိုပန်မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များဦးစီး၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ် လှူဒါန်းကြသည်။**(အောက်ပုံ)**

ထို့ပြင် စေတနာရှင်များ ထောက်ပံ့လှူဒါန်းသည့် ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းစိမ်းဝတ်စုံများကို စာသင်သားကျောင်းသူ ကျောင်းသားများထံ ပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

မြောင်းမြခရိုင် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သန်းနှင့်ဝန်ထမ်းများ စုပေါင်း၍ ဩဂုတ် ၁၂ရက်က အမှတ်(၃)ရပ်ကွက်တွင် ပတ်ဝန်းကျင်ကျန်းမာသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းဖြစ်သော ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်ဆေးဖျန်းလုပ်ငန်း မအူပင်၌ ဆောင်ရွက်

မအူပင် ဩဂုတ် ၁၄

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ဩဂုတ်၁၃ရက်က မြို့ပေါ်ရပ်ကွက်၊ စာသင်ကျောင်းများ၊ ဈေးများနှင့် လူနေရပ်ကွက်အတွင်းရှိ ရေမြောင်းများအား ခြင်ဆေးဖျန်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်းများကို ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ပင်းတယမြို့ မဟာရန်အောင် ပရိယတ္တိစာသင်တိုက် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ပင်းတယ ဩဂုတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ဈေးတန်းရပ် မဟာရန်အောင် ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ခြင်း(၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုသဘင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက်၇နာရီခွဲက မဟာရန်အောင် ကျောင်းတိုက်၌ ကျင်းပရာ သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်များအား နံနက်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဒါယကာ ဒါယိကာမများက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ရာ ပင်းတယမြို့ ရွာငယ်ကျောင်းဆရာတော် ဦးစန္ဒောဘာသထံတွင် ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်တော်မူပြီး(၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုသဘင် စာအုပ်များကို အလှူရှင်ဦးလှအောင် (တိုက်ဆိုင်စားသောက်ဆိုင်)က လှူဒါန်းပြီး ဒါယကာ ဒါယိကာမများက သာဓုအနုမောဒနာ ခေါ်ဆိုကြသည်။

ထို့နောက် (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားကို သာသနာရေးဝန်ကြီးဌာန မြို့နယ်သာသနာရေးဦးစီးမှူး ဦးမြင့်သိန်းနှင့် ဈေးတန်းရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဝင်းသာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဓမ္မစကြာအဖွဲ့မှ ဓမ္မစကြာဒေသနာတော်များ ရွတ်ဆိုပူဇော်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဆိုးမြောင်းများအတွင်းမှ ခြင်၊ ယင်ပေါက်ပွားမှု မရှိစေရေးတို့အတွက် ဩဂုတ်၁၂ရက်က အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ခြင်နိုင်ဆေးဖျန်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ဈေးအကျိုးတော်ဆောင်များ၊ ဈေးမိဈေးဖများ၊ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နေပြည်တော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Tran Van Tung နှင့် ဇနီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သီချင်း တီးမှုတ်

ဂုဏ်ပြုညစာစားပွဲမကျင်းပမီ နိုင်ငံတော်တီးဝိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ ❒

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၁၅

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ဆက်လက်ကျင်းပ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြား

ရန်ကုန် ဩဂုတ် ၁၅

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

16-8 (20) 1 8/16/07, 2:02 AM